မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

# ၂၀၂၆ ခုနှစ် ၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များအပေါ် စီမံခန့်ခွဲမှုအဖွဲ့၏ ဆွေးနွေးသုံးသပ်ချက်

**စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် သုံးသပ်ချက်များ (MD & A)**

၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (MCB) ၏ ဘဏ္ဍာရေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ရလဒ်များနှင့် စပ်လျဉ်း၍ ယခင်ဘဏ္ဍာနှစ်နှင့် နှိုင်းယှဉ်ပြီး ပြောင်းလဲမှုများကို အကဲဖြတ်နိုင်ရန်အတွက် ရည်ရွယ်၍ စီမံခန့်ခွဲသူများ၏ ဆွေးနွေးချက်များနှင့် သုံးသပ်ချက်များ (MD & A) အား တင်ပြအပ်ပါသည်။

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် စစ်ဆေးထားပြီးဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့်အတူဆက်စပ်၍ ဤ MD & A အား ပူးတွဲဖတ်ရှုရန်ဖြစ်ပါသည်။ ဘဏ္ဍာရေးဆိုင်ရာအချက်အလက်များအား မြန်မာကျပ်ငွေ (MMK) ဖြင့် ဖော်ပြထားပြီး ဤဘဏ္ဍာရေးရှင်းတမ်းများကို မြန်မာနိုင်ငံဘဏ္ဍာရေး အစီရင်ခံစာရေးနည်း စံချိန်စံညွှန်းများ (MFRS) နှင့် အညီ ပြင်ဆင်ထားပါသည်။

**ဘဏ်၏အချက်အလက်များ**

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရက်စွဲပါ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အကြောင်းကြားစာအမှတ် - ၂၁/၉၁၊ အထူးကုမ္ပဏီ အက်ဥပဒေ (၁၉၅၀) နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ တို့နှင့်အညီ ၁၉၉၁ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် မှတ်ပုံတင်ထားပြီး အစုရှယ်ယာများနှင့် အများပိုင်ကုမ္ပဏီလီမိတက် တစ်ခုအနေဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။ MCB ဘဏ် သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၄၉၁၆၉၄၆၆ ဖြင့် မှတ်ပုံတင်ထားသော နိုင်ငံတော်၏ လိုင်စင်ရကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်ပြီး ၂၀၁၆ ခုနှစ် ဩဂုတ်လ (၂၆) ရက်နေ့၌ ရန်ကုန်စတော့အိပ်ချိန်း (YSX) သို့ စာရင်းဝင်ကုမ္ပဏီအနေဖြင့် ဝင်ရောက်ခဲ့ပါသည်။ ဘဏ်၏ ရှယ်ယာရှင်များမှ ထည့်ဝင်ထားသော မတည်ရင်းနှီးငွေမှာ ၅၂ ဘီလီယံကျပ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများ ဘဏ်၏ မှတ်ပုံတင်ထားသော ရုံးလိပ်စာသည် အမှတ် - ၃၈၃၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

**မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်**

**အရှုံးအမြတ်စာရင်းအချုပ်**

**ကျပ်သန်း**

| **အသေးစိတ်ဖော်ပြချက်များ** | **For the period ended** | | **အတက်/(အကျ)** | |
|---|---|---|---|---|
| | **၃၁.၃.၂၀၂၆ (စာရင်းစစ်ပြီး)** | **၃၁.၃.၂၀၂၅ (စာရင်းစစ်ပြီး)** | **ပမာဏ** | **%** |
| အတိုးဝင်ငွေ | ၁၃၅,၅၆၀.၄၄ | ၈၇,၉၉၀.၄၃ | ၄၇,၅၇၀.၀၁ | ၅၄% |
| အတိုးစရိတ် | (၁၁၄,၆၅၃.၇၇) | (၆၆,၂၈၅.၈၅) | ၄၈,၃၆၇.၉၂ | ၇၃% |
| **အသားတင် အတိုးဝင်ငွေ** | **၂၀,၉၀၆.၆၇** | **၂၁,၇၀၄.၅၈** | **-၇၉၇.၉၁** | **-၄%** |
| အခြားဝင်ငွေ | ၂၅,၉၀၇.၈၁ | ၁၂,၇၅၉.၉၇ | ၁၃,၁၄၇.၈၄ | ၁၀၃% |
| **စုစုပေါင်းဝင်ငွေ** | **၄၆,၈၁၄.၄၈** | **၃၄,၄၆၄.၅၅** | **၁၂,၃၄၉.၉၃** | **၃၆%** |
| **စုစုပေါင်းစရိတ်** | **(၃၈,၄၉၈.၄၀)** | **(၃၀,၅၂၉.၉၆)** | **၇,၉၆၈.၄၄** | **၂၆%** |
| **အခွန်မလျာထားမီအသားတင်အမြတ်** | **၈,၃၁၆.၀၈** | **၃,၉၃၄.၅၉** | **၄,၃၈၁.၄၉** | **၁၁၁%** |
| **အခွန်လျာထားပြီးအသားတင်အမြတ်** | **၅,၂၇၈.၆၈** | **၂,၈၂၀.၃၆** | **၂,၄၅၈.၃၂** | **၈၇%** |

## မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## လက်ကျန်ရှင်းတမ်းဖော်ပြချက်

**ကျပ်သန်း**

| အသေးစိတ်ဖော်ပြချက်များ | Balance Sheet as at | | အတက်/(အကျ) | |
|---|---|---|---|---|
| | ၃၁.၃.၂၀၂၆ (စာရင်းစစ်ပြီး) | ၃၁.၃.၂၀၂၅ (စာရင်းစစ်ပြီး) | ပမာဏ | % |
| လက်ဝယ်ရှိငွေလက်ကျန်နှင့်ဗဟိုဘဏ်ရှိငွေလက်ကျန်များ | ၁၇၅,၂၄၅.၂၁ | ၁၃၇,၅၄၆.၉၉ | ၃၇,၆၉၈.၂၂ | ၂၇% |
| ဘဏ်များ၌ရှိသောငွေလက်ကျန်များ | ၂၈၁,၅၆၃.၆၅ | ၆၇,၉၁၉.၆၂ | ၂၁၃,၆၄၄.၀၃ | ၃၁၅% |
| အစိုးရငွေတိုက်လက်မှတ်များနှင့်ငွေကြေးဆိုင်ရာစာချုပ်များ | ၂၃၃,၄၀၉.၄၇ | ၇၃,၄၇၂.၆၅ | ၁၅၉,၉၃၆.၈၂ | ၂၁၈% |
| ချေးငွေနှင့်ကြိုတင်ထုတ်ပေးငွေများ | ၁,၁၂၃,၂၈၉.၅၀ | ၇၅၈,၁၉၃.၆၄ | ၃၆၅,၀၉၅.၈၅ | ၄၈% |
| ရင်းနှီးမြှုပ်နှံမှုများ | ၃၃၁.၀၀ | ၃၃၁.၀၀ | - | ၀% |
| ပုံသေပိုင်ပစ္စည်းများ | ၁၉,၆၈၆.၇၉ | ၂၁,၅၄၁.၅၈ | (၁,၈၅၄.၇၉) | -၉% |
| ထိတွေ့ကိုင်တွယ်၍မရသောပစ္စည်းများ | ၄,၃၈၅.၃၉ | ၃,၇၀၉.၅၁ | ၆၇၅.၈၇ | ၁၈% |
| အခြားရပိုင်ခွင့်များ | ၆၁,၁၃၀.၁၃ | ၆၅,၈၁၇.၈၉ | (၄,၆၈၇.၇၆) | -၇% |
| **စုစုပေါင်းရရန်ပိုင်ခွင့်များ** | **၁,၈၉၉,၀၄၁.၁၄** | **၁,၁၂၈,၅၃၂.၈၈** | **၇၇၀,၅၀၈.၂၆** | **၆၈%** |
| **ပေးရန်တာဝန်များ** | | | | |
| ချေးယူငွေများ | ၂၀၅,၀၀၀.၀၀ | ၃၂,၃၃၃.၈၆ | ၁၇၂,၆၆၆.၁၄ | ၅၃၄% |
| အပ်ငွေများ | ၁,၅၂၇,၈၃၇.၇၇ | ၉၄၂,၂၃၀.၈၀ | ၅၈၅,၆၀၆.၉၇ | ၆၂% |
| အခြားပေးရန်တာဝန်များ | ၈၅,၅၆၇.၈၄ | ၇၇,၈၈၃.၃၁ | ၇,၆၈၄.၅၄ | ၁၀% |
| **စုစုပေါင်းပေးရန်တာဝန်များ** | **၁,၈၁၈,၄၀၅.၆၁** | **၁,၀၅၂,၄၄၇.၉၇** | **၇၆၅,၉၅၇.၆၄** | **၇၃%** |
| **အစုရှင်များ၏ပိုင်ဆိုင်ခွင့်** | | | | |
| ထုတ်ဝေပေးသွင်းပြီးရင်းနှီးငွေ | ၅၇,၁၂၄.၆၆ | ၅၇,၁၂၄.၆၆ | - | ၀% |
| ရန်ပုံငွေများ | ၁၇,၁၂၀.၉၇ | ၁၅,၈၀၁.၂၉ | ၁,၃၁၉.၆၇ | ၈% |
| အမြတ်လက်ကျန် | ၆,၃၈၉.၉၀ | ၃,၁၅၈.၉၆ | ၃,၂၃၀.၉၄ | ၁၀၂% |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်** | **၈၀,၆၃၅.၅၃** | **၇၆,၀၈၄.၉၁** | **၄,၅၅၀.၆၁** | **၆%** |
| **စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်နှင့်ပေးရန်တာဝန်များ** | **၁,၈၉၉,၀၄၁.၁၄** | **၁,၁၂၈,၅၃၂.၈၈** | **၇၇၀,၅၀၈.၂၆** | **၆၈%** |

## လုပ်ငန်းစွမ်းဆောင်ရည်နှင့် တိုးတက်မှု

ယခုဘဏ္ဍာရေးနှစ်သည် မြန်မာနိုင်ငံတွင် သုံးစွဲသူများ၏ ဦးစားပေးရွေးချယ်သည့် ဘဏ်ဖြစ်လာရန် ရည်မှန်းထားသော အသွင်ကူးပြောင်းရေးခရီးစဉ်၏ အစပြုနှစ် ဖြစ်ခဲ့ပါသည်။ မဟာဗျူဟာအစီအစဉ်ကို လမ်းညွှန်ချက်အဖြစ်ခံယူ၍ အဓိကတိုးတက်မှုမောင်းနှင်အား (၅) ရပ်ဖြစ်သော **လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး ၊ ဘဏ်ဝန်ဆောင်မှုထုတ်ကုန် ဆန်းသစ်တီထွင်မှု၊ သုံးစွဲသူများ၏ ဦးစားပေးရွေးချယ်သည့်ဘဏ်ဖြစ်ရေး** နှင့် **ဘဏ္ဍာရေးဆိုင်ရာခိုင်မာမှုနှင့် အမြတ်အစွန်းရရှိနိုင်မှု** တို့အပေါ် အခြေခံသည့် လုပ်ငန်းအစီအစဉ်များကို တက်ကြွစွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး၊ တိုးတက်မှုအခြေအနေများကို အောက်တွင် ဖော်ပြထားပါသည်။

**လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး (Human Capital Development)**

လူ့စွမ်းအားအရင်းအမြစ်ဌာန (HR) မှ Walk-in Recruitment အစီအစဉ်များ နှင့် အလုပ်အကိုင်ပြပွဲများ (job fairs) တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ရာ အများပြည်သူအသိအမှတ်ပြုမှုကို မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် အရည်အချင်းမြင့် ဝန်ထမ်းများကို လူချင်းတွေ့ဆုံ၍ ခန့်အပ်နိုင်ရန် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးခဲ့ပါသည်။ ဘဏ်၏ Learning & Development Section မှလည်း လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ တိုးတက်စေရန် အမျိုးမျိုးသော လုပ်ငန်းခွင်ဆိုင်ရာ သင်တန်းများအား အစဉ်တစိုက် ထောက်ပံ့စီစဉ်ပေးလျက်ရှိပါသည်။ ထို့အပြင် မျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်သည့် Management Trainee (MT) အစီအစဉ်များလည်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်လျက်ရှိပြီး၊ ပထမ ဒုတိယနှင့် တတိယ အသုတ်များမှ ဘွဲ့ရများသည် ယခုအခါ မိမိတို့၏ သက်ဆိုင်ရာဌာနအသီးသီးတွင် ကျွမ်းကျင်မှုများကို အသုံးချ၍ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ပံ့ပိုးလျက် ရှိပါသည်။ ဤအစီအစဉ်များအားလုံးသည် ကုမ္ပဏီ၏ အဓိကစွမ်းဆောင်ရည်များကို ခိုင်မာစေရန် အခြေခံအုတ်မြစ်ကောင်းတစ်ရပ်အဖြစ် ရပ်တည်လျက် ရှိပါသည်။

**ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး (Digital Transformation)**

ယခုဘဏ္ဍာရေးနှစ်အတွင်း MCB Bank သည် လုပ်ငန်းဆောင်ရွက်မှုများ၏ ထိရောက်မှု နှင့် လုပ်ငန်းစဉ်များမြန်ဆန်မှုကို မြှင့်တင်နိုင်ရန် **Payment Approval System** ကို အလိုအလျောက်စနစ် (Automation) ဖြင့် အကောင်အထည်ဖော်ခဲ့ပြီး **Loan Origination System (LOS)** ကိုလည်း စတင်အသုံးပြုခဲ့ပါသည်။ ဘဏ်၏ အဓိကအုတ်မြစ်တခုဖြစ်သော (Digital Infrastructure) ကို ပိုမိုခိုင်မာစေရန် **Core Banking System (CBS)** ကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်လျက်ရှိပါသည်။ ဒစ်ဂျစ်တယ်ငွေပေးချေမှု ပလက်ဖောင်းတခုဖြစ်သော **CTZ Pay** သည် **MyanmarPay MMQR** ကွန်ရက်နှင့် အောင်မြင်စွာ ချိတ်ဆက်ပေါင်းစည်းနိုင်ခဲ့ပြီး၊ အသုံးပြုသူများအနေဖြင့် MMQR စံသတ်မှတ်ချက်နှင့် ကိုက်ညီသော ကုန်သည် (Merchant) များတွင် QR ကုဒ်ကို scan ဖတ်ကာ ငွေပေးချေမှုများ ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ ထို့အပြင် MCB Bank သည် **Internet Banking** နှင့် **Mobile Banking** ဝန်ဆောင်မှုများကို အောင်မြင်စွာ မိတ်ဆက်ပေးနိုင်ခဲ့ပြီး၊ သုံးစွဲသူများအနေဖြင့် ဘဏ်ဝန်ဆောင်မှုများကို အချိန်မရွေး၊ နေရာမရွေး လုံခြုံစိတ်ချစွာ၊ အဆင်ပြေ လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်ရန် အခွင့်အလမ်းများကို ပံ့ပိုးပေးလျက်ရှိပါသည်။

**ဘဏ်ဝန်ဆောင်မှုထုတ်ကုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှု (Product development and Innovation)**

၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း MCB Bank သည် သုံးစွဲသူများ၏ ပြောင်းလဲလာသော လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် ဘဏ်ဝန်ဆောင်မှုနှင့် ထုတ်ကုန်အမျိုးအစားများကို အသစ်ထပ်မံ မိတ်ဆက်ကာ အမျိုးအစားစုံလင်ကွဲပြားသော ဝန်ဆောင်မှုများဖြင့် ပိုမိုတိုးတက်အားကောင်းအောင် ဆောင်ရွက်လျက်ရှိပါသည်။ MCB Bank သည် အမျိုးအစားစုံလင်သော deposit products များ၊ ချေးငွေများ၊ ဘဏ်မှတစ်ဆင့်အာမခံဝန်ဆောင်မှု (Bancassurance) နှင့် နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုများနှင့်အတူ အခြားသော ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကိုလည်း ပေးအပ်လျက်ရှိပါသည်။ MCB Bank ၏

ဆန်းသစ်တီထွင်မှု၊ ရေရှည်တိုးတက်မှုကို အထောက်အကူပြုနိုင်မည့် လက်တွေ့အသုံးဝင်သော၊ လိုအပ်ချက်နှင့် ကိုက်ညီသော၊ သုံးစွဲသူဗဟိုပြု ငွေကြေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန် အလေးထားဆောင်ရွက်လျက် ရှိကြောင်းကိုလည်း ထင်ဟပ်စေပါသည်။

**သုံးစွဲသူများ၏ ဦးစားပေးရွေးချယ်သည့်ဘဏ် (Customer Preferred Bank)**

MCB Bank ၏ မျှော်မှန်းချက်မှာ ယုံကြည်စိတ်ချရပြီး သုံးစွဲသူဗဟိုပြု ငွေကြေးဝန်ဆောင်မှုဖြေရှင်းချက်များကို ပံ့ပိုးပေးခြင်းဖြင့် သုံးစွဲသူများ၏ ဦးစားပေးရွေးချယ်သည့်ဘဏ်ဖြစ်လာရန် ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်၏ အဆင့်တိုင်းတွင် သုံးစွဲသူများနှင့် ရေရှည်ခိုင်မာသော ဆက်ဆံရေးတည်ဆောက်ခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကို အစဉ်တစိုက် မြှင့်တင်ခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကို အကောင်အထည်ဖော်ခြင်းနှင့် လုပ်ငန်းကျင့်ဝတ် (Integrity) နှင့် ကော်ပိုရိတ်အုပ်ချုပ်မှုဆိုင်ရာ အမြင့်ဆုံး စံနှုန်းများကို လိုက်နာထိန်းသိမ်းခြင်းတို့အပေါ် ဘဏ်၏ ခိုင်မာသော ကတိကဝတ်ကို ထင်ဟပ်လျက်ရှိပါသည်။

**ဘဏ္ဍာရေးတည်ငြိမ်မှုနှင့် အမြတ်အစွန်းရရှိနိုင်မှု (Financial Stability and Profitability)**

ဘဏ်၏ စီမံခန့်ခွဲမှုအဖွဲ့၏ လမ်းညွှန်မှုအောက်တွင် MCB Bank သည် ဘဏ်လုပ်ငန်း၏ အဓိကအခြေခံမဏ္ဍိုင် တစ်ရပ်ဖြစ်သည့် အပ်ငွေများကို ထိရောက်စွာ တိုးမြှင့်နိုင်ခဲ့ပါသည်။

တစ်ချိန်တည်းတွင် ဝင်ငွေအဓိကရင်းမြစ်တစ်ခုဖြစ်သော ချေးငွေလုပ်ငန်းသည်လည်း ချမှတ်ထားသော ရည်မှန်းချက်များနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် လုပ်ငန်းလည်ပတ်မှုမှ ရရှိသော အခြားဝင်ငွေများသည်လည်း ရရှိခဲ့သည့် အမြတ်အစွန်းအတွက် အရေးပါသော ပံ့ပိုးမှုများ ဖြစ်ခဲ့ပါသည်။

ဤအဓိကဝင်ငွေအရင်းမြစ်များ၏ အားကောင်းသော စွမ်းဆောင်ရည်နှင့် တင်းကျပ်သော ကုန်ကျစရိတ် ထိန်းချုပ်မှုစနစ်များ၏ ပံ့ပိုးနိုင်မှုကြောင့် ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အခွန်ဆောင်ပြီးနောက် အမြတ်ငွေ ကျပ် ၅,၂၇၉ သန်း ဖြင့် အောင်မြင်စွာ အဆုံးသတ်နိုင်ခဲ့ပါသည်။

**အသားတင်အတိုးနှုန်းအမြတ် (Net Interest Margin)**

အတိုးဝင်ငွေသည် ချေးငွေများ တိုးတက်လာခြင်းနှင့် ပြန်လည်ကောက်ခံရရှိသည့် ချေးငွေများကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၅၄% တိုးတက်ခဲ့ပါသည်။ တစ်ဖက်တွင် အတိုးစရိတ်မှာ ၇၃% မြင့်တက်ခဲ့ခြင်းမှာ အဓိကအားဖြင့် အပ်ငွေပမာဏ တိုးလာခြင်း၊ အတိုးနှုန်းမြင့် သက်တမ်းအပ်ငွေများ (Term Deposits) ပိုမိုများပြားလာခြင်းနှင့် ယှဉ်ပြိုင်နိုင်သော အတိုးနှုန်းများကို ကမ်းလှမ်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အတိုးစရိတ်မြင့်တက်မှုနှုန်းသည် အတိုးဝင်ငွေရရှိမှုတိုးတက်မှုနှုန်း ထက် ပိုမိုများပြားခဲ့ခြင်း နှင့် NPL ကျဆင်းခဲ့မှုနှင့်အတူ ချေးငွေများပြန်လည်ကောက်ခံရာတွင် ယခင်နှစ်ထက် လျော့ကျခဲ့မှုတို့ကြောင့် အသားတင် အတိုးဝင်ငွေ (Net Interest Income) သည် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်လျှင် လျော့နည်းခဲ့ပါသည်။

**ဝန်ဆောင်ခနှင့် ကော်မရှင်ဝင်ငွေများနှင့် အခြားဝင်ငွေများ (Fees, Commissions and Other Income)**

အခြားသောဝင်ငွေများတွင် ယခင်ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက ၁၀၃% တိုးတက်ခဲ့ပြီး၊ ဘဏ်၏ ဝင်ငွေအရင်းမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲရာတွင် အောင်မြင်မှုရရှိခဲ့ကြောင်းကို ထင်ဟပ်စေပါသည်။

**လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များ (Operating Expenses)**

လုပ်ငန်းလည်ပတ်မှုကုန်ကျစရိတ်များ ၂၆% မြင့်တက်ခဲ့ခြင်းမှာ လျှော့ပြန်လည်ပြုပြင်ရေးကုန်ကျစရိတ်များ၊ ငွေကြေးဖောင်းပွမှုကြောင့် လျှပ်စစ်မီး၊ လောင်စာဆီနှင့် လစဉ်ပုံမှန်အထွေထွေကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ ထို့အပြင် လုပ်ငန်းတိုးချဲ့မှုများအတွက် ဝန်ထမ်းအသစ်များ ထပ်မံခန့်အပ်ခြင်း ၊ ဝန်ထမ်းလစာတိုးမြှင့်ပေးခြင်းအပြင် ချေးငွေပမာဏတိုးမြင့်လာခြင်းကြောင့် General Loan loss Provision လျာထားငွေများ မြင့်တက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

**လုပ်ငန်းအရွယ်အစား (Business Size)**

ဘဏ်၏ လက်ကျန်ရှင်းတမ်း (Balance Sheet) အရ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၆၈% တိုးတက်ခဲ့ပါသည်။ ရရန်ပိုင်ခွင့်များတွင် ချေးငွေများနှင့် ကြိုတင်ထုတ်ပေးငွေများတွင် ၄၈% ၊ အခြားဘဏ်များ၌ အပ်နှံရင်းနှီးမြှုပ်နှံမှုများတွင် ၃၁၅% နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များ ရင်းနှီးမြှုပ်နှံမှုတွင် ၂၁၈% အသီးသီးတိုးတက်ခဲ့ပါသည်။ ပေးရန်တာဝန်များတွင် စုစုပေါင်းအပ်နှံငွေများ (Total Deposits) ၆၂% နှင့် ဘဏ်အချင်းချင်း ချေးယူငွေများ (Interbank Borrowings) ၅၃၄% တိုးလာမှုက အဓိကအကြောင်းရင်းများ ဖြစ်ပါသည်။ အမြတ်လက်ကျန် (Retained Earnings) သည် ၁၀၂% တိုးတက်လာခဲ့ခြင်းကြောင့် ဘဏ်၏ အရင်းအနှီးအခြေအနေ (Equity Position) ကို ပိုမိုခိုင်မာအားကောင်းစေခဲ့ပါသည်။

**စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်မှု**

MCB Bank သည် ယုံကြည်စိတ်ချရသော ဘဏ္ဍာရေးအဖွဲ့အစည်းတစ်ခုအဖြစ် ပြည်သူ့ရန်ပုံငွေများကို ကာကွယ်ထိန်းသိမ်းပြီး သတိထား၍ စနစ်တကျ စီမံခန့်ခွဲရမည့် တာဝန်ကို အသိအမှတ်ပြု၍ လုပ်ဆောင်လျက်ရှိပါသည်။ ထို့အပြင် တာဝန်ယူမှုရှိသော ချေးငွေထုတ်ချေးမှုများမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ပြုလျက်ရှိပါသည်။ သုံးစွဲသူများ၏ ယုံကြည်မှုသည် ဘဏ်၏ အောင်မြင်မှုအတွက် အဓိကကျပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် (CBM) မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအားလုံးကို အပြည့်အဝလိုက်နာ၍ ဆောင်ရွက်လျက်ရှိပါသည်။ ဘဏ်သည် CBM မှ သတ်မှတ်ထားသော အနိမ့်ဆုံးသတ်မှတ်ချက်များထက် ကျော်လွန်၍ ခိုင်မာသော ငွေဖြစ်လွယ်မှု၊ ငွေကြေးတည်ငြိမ်မှု၊ အမြတ်အစွန်းရရှိမှုနှင့် အရင်းအနှီးအခြေအနေတို့ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

| Statutory Ratio | လိုအပ်ချက် | ၃၁.၃.၂၀၂၆ ရက်နေ့ရှိ MCB ဘဏ်၏ Ratio |
|---|---|---|
| Reserve Ratio | အနိမ့်ဆုံး ၃.၇၅% (MMK)<br>အနိမ့်ဆုံး ၅% (FCY) | ၉.၂၉% (MMK)<br>၇.၁၃% (FCY) |
| Liquidity Ratio | အနိမ့်ဆုံး ၂၀% | ၂၉.၃၄% |
| Capital Adequacy – Tier I | အနိမ့်ဆုံး ၄% | ၅.၄၁% |
| Capital Adequacy – Total | အနိမ့်ဆုံး ၈% | ၇.၁၈% |

အစီရင်ခံနှစ်အတွင်း ချေးငွေများ ပိုမိုထုတ်ချေးခဲ့ခြင်းကြောင့် ဘဏ်၏ အရင်းအနှီးလုံလောက်မှုအချိုး (Capital Adequacy Ratio – CAR) သည် CBM မှ သတ်မှတ်ထားသော အနည်းဆုံး စည်းမျဉ်းသတ်မှတ်ချက်ဖြစ်သည့် ၈% အောက်သို့ ကျဆင်းခဲ့ပါသည်။ အဆိုပါ အရင်းအနှီးလိုအပ်ချက်ကို ဖြည့်ဆည်းရန်ရည်ရွယ်၍ ဘဏ်သည် အရင်းအနှီးတိုးမြှင့်ရေးအစီအစဉ်၏ ပထမအဆင့် (Phase I) ကျပ် ၂၅ ဘီလီယံ ကို လက်ရှိရှယ်ယာရှင်များအား အခွင့်အရေးပေးရှယ်ယာ (Rights Issue) ထုတ်ဝေရောင်းချခြင်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အရင်းအနှီးတိုးမြှင့်ခဲ့မှုကြောင့် ဘဏ်၏ အရင်းအနှီးလုံလောက်မှုအချိုး (CAR) သည် သတ်မှတ်ထားသော အနည်းဆုံး စည်းမျဉ်းသတ်မှတ်ချက်ထက် ကျော်လွန်လာမည်ဟု ယုံကြည်ပါသည်။

**အနာဂတ် မျှော်မှန်းချက်နှင့် မဟာဗျူဟာ ဦးတည်ချက်**

မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍသည် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှု၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) နှင့် နည်းပညာအပြင် ဆိုက်ဘာလုံခြုံရေး (Cybersecurity) ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုအလေးထားသည့် ဦးတည်ချက်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဟု မျှော်မှန်းရပါသည်။ ယင်းတိုးတက်ပြောင်းလဲမှုများသည် မြို့ပြဒေသကြီးများအပြင် အခြားဒေသများအထိ သုံးစွဲသူများ တိုးချဲ့နိုင်ခြင်း၊ ချေးငွေဆုံးဖြတ်ချက်အရည်အသွေးများမြှင့်တင်ရန် ဒေတာခွဲခြမ်းစိတ်ဖြာမှု (Data Analytics) ကို ပိုမိုအသုံးချနိုင်ခြင်းနှင့် ဒစ်ဂျစ်တယ်ချေးငွေဝန်ဆောင်မှုများ (Digital Lending) နှင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs and MSMEs) ၏ လုပ်ငန်းများတိုးတက်လာစေရန် ငွေကြေးထောက်ပံ့မှုများပေးခြင်းဖြင့် အထောက်အကူပြုမည် ဖြစ်ပါသည်။

ဤသို့ ပြောင်းလဲတိုးတက်နေသော ပတ်ဝန်းကျင်အတွင်း MCB Bank သည် လုပ်ငန်းလည်ပတ်မှု ခံနိုင်ရည်စွမ်းအား (Operational Resilience) ကို ပိုမိုခိုင်မာစေရန်၊ ဝန်ဆောင်မှုတိုးတက်စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်နှင့် လူစွမ်းအားအရင်းအမြစ်တို့ကို မြှင့်တင်ရန် မဟာဗျူဟာအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယခင်ဘဏ္ဍာရေးနှစ်အတွင်း ရရှိခဲ့သော တည်ငြိမ်ခိုင်မာသည့် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို အခြေခံ၍ MCB Bank သည် ရေရှည်တည်တံ့သော တိုးတက်မှုကို ဆက်လက်ဖော်ဆောင်နိုင်ရန် ခိုင်မာသည့် အနေအထားတွင်ရှိနေပြီး၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ အတွင်း တည်ငြိမ်၍ အနာဂတ်ကို မျှော်မှန်းဦးဆောင်သည့် ဘဏ္ဍာရေးအဖွဲ့အစည်း တစ်ခုအဖြစ် တည်ဆောက် ရှေ့ဆက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသားများဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

# Management Discussion and Analysis

# on Financial Conditions and Results of Operation

# For the year ended 31-March-2026

## MANAGEMENT DISCUSSION AND ANALYSIS (MD&A)

This Management's Discussion and Analysis (MD&A) is intended to help readers understand the changes in the financial condition and operating performance of Myanmar Citizens Bank Public Co., Ltd. (MCB Bank) for the financial year ended 31 March 2026, compared with the corresponding period of the previous financial year. This MD&A should be read in conjunction with the audited Financial Statements for the financial year 2025–2026. Unless otherwise stated, all financial information is presented in Myanmar Kyat (MMK) and has been prepared in accordance with the Myanmar Financial Reporting Standards (MFRS).

## CORPORATE INFORMATION

Myanmar Citizens Bank Public Co., Ltd. (MCB) was incorporated as a public company limited by shares pursuant to Notification No. 21/91 issued by the Ministry of Commerce (formerly the Ministry of Trade) on 30 September 1991, under the Special Company Act, 1950. The Bank was subsequently registered under the Myanmar Companies Act, 1914 on 30 October 1991 with Company Registration No. 149169466. MCB is a licensed commercial bank operating in Myanmar and was listed on the Yangon Stock Exchange (YSX) on 26 August 2016. As at 31 March 2026, the Bank's paid-up capital amounted to MMK 52 billion. The Bank's registered office is located at No. 383, Mahar Bandoola Road, Kyauktada Township, Yangon Region, Myanmar.

**Myanmar Citizens Bank Public Co.,Ltd**

**Summarized Statement of Comprehensive Income**

**MMK In Millions**

| Details | For the period ended | | Increase/(Decrease) | |
|---|---|---|---|---|
| | 31-03-2026 (Audited) | 31-3-2025 (Audited) | Amount | % |
| Interest Income | 135,560.44 | 87,990.43 | 47,570.01 | 54% |
| Interest Expense | (114,653.77) | (66,285.85) | 48,367.92 | 73% |
| **Net Interest Income** | **20,906.67** | **21,704.58** | **-797.91** | **-4%** |
| **Other Operating Income** | **25,907.81** | **12,759.97** | **13,147.84** | **103%** |
| **Total Operating Income** | **46,814.48** | **34,464.55** | **12,349.93** | **36%** |
| **Total Operating Expense** | **(38,498.40)** | **(30,529.96)** | **7,968.44** | **26%** |
| **Profit before Income Tax** | **8,316.08** | **3,934.59** | **4,381.49** | **111%** |
| **Profit after Income Tax** | **5,278.68** | **2,820.36** | **2,458.32** | **87%** |

**Myanmar Citizens Bank Public Co.,Ltd**

**Statement of Financial Position**

**MMK In Millions**

| Details | Balance Sheet as at | | Increase/(Decrease) | |
|---|---|---|---|---|
| | 31.03.2026 (Audited) | 31.3.2025 (Audited) | Amount | % |
| Cash on hand & balances with Central Bank | 175,245.21 | 137,546.99 | 37,698.22 | 27% |
| Placements with other banks | 281,563.65 | 67,919.62 | 213,644.03 | 315% |
| Government securities | 233,409.47 | 73,472.65 | 159,936.82 | 218% |
| Loans and advances | 1,123,289.50 | 758,193.64 | 365,095.85 | 48% |
| Investments | 331.00 | 331.00 | - | 0% |
| Property & Equipment | 19,686.79 | 21,541.58 | (1,854.79) | -9% |
| Intangible Assets | 4,385.39 | 3,709.51 | 675.87 | 18% |
| Other Assets | 61,130.13 | 65,817.89 | (4,687.76) | -7% |
| **Total Assets** | **1,899,041.14** | **1,128,532.88** | **770,508.26** | **68%** |
| **Liabilities** | | | | |
| Borrowings | 205,000.00 | 32,333.86 | 172,666.14 | 534% |
| Deposits | 1,527,837.77 | 942,230.80 | 585,606.97 | 62% |
| Other Liabilities | 85,567.84 | 77,883.31 | 7,684.54 | 10% |
| **Total Liabilities** | **1,818,405.61** | **1,052,447.97** | **765,957.64** | **73%** |
| **Equity** | | | | |
| Share Capital | 57,124.66 | 57,124.66 | - | 0% |
| Reserves | 17,120.97 | 15,801.29 | 1,319.67 | 8% |
| Retained earnings | 6,389.90 | 3,158.96 | 3,230.94 | 102% |
| **Total Equity** | **80,635.53** | **76,084.91** | **4,550.61** | **6%** |
| **Total Liabilities & Equity** | **1,899,041.14** | **1,128,532.88** | **770,508.26** | **68%** |

## BUSINESS PERFORMANCE AND GROWTH

This fiscal year marked the beginning of our transformation journey to become Myanmar's bank of choice. Guided by our strategic plan, we are actively executing initiatives across five key growth drivers—**People Development, Digital Transformation, Product Innovation, Customer Preferred Bank and Financial Stability and Profitability** with updates provided below.

### Human Capital Development

The Human Resources (HR) Department conducted walk-in recruitment programs and participated in job fairs, which not only enhanced public awareness but also created valuable opportunities to directly recruit qualified candidates. In addition, the Bank's Learning & Development Section has been continuously organizing various workplace training programs to improve staff skills and performance. Furthermore, the Management Trainee (MT) program designed for the younger generation has been successfully implemented, and graduates from the first, second and third batches are now applying their skills in their respective departments and contributing to the Bank's development. Overall, these initiatives have helped build a strong foundation for strengthening the organization's core capabilities.

### Digital Transformation

During the financial year, MCB Bank continued to advance its digital transformation by automating the **Payment Approval System** and implementing a **Loan Origination System (LOS)** to improve operational efficiency and productivity. The Bank also initiated the upgrade of its **Core Banking System (CBS)** to strengthen its digital infrastructure. A digital payment platform, **CTZ Pay** was successfully integrated into the **MyanmarPay MMQR** network, allowing users to scan and make payments at any standardized MMQR merchant. In addition, MCB Bank successfully launched **Internet Banking** and **Mobile Banking** services, providing customers with secure, convenient, and seamless access to banking services anytime and anywhere.

### Product development and Innovation

During FY 2025–2026, MCB Bank strengthened its product portfolio by introducing new and diversified banking solutions to better serve evolving customer needs. Key developments included the expansion of customer-focused offerings across different segments, enhancing accessibility, convenience, and overall service value. MCB Bank offers a diverse range of deposit products, a comprehensive suite of lending products, bancassurance services as well as international money

transfer services. The Bank's continued commitment to innovation and its focus on delivering practical, relevant, and customer-centric financial solutions that support long-term growth.

**Customer preferred Bank**

At MCB Bank, our vision is to become the customers' preferred banking partner by delivering trusted and customer-centric financial solutions. Every step of our journey reflects our commitment to strengthening customer relationships, enhancing service quality, embracing digital transformation, and upholding the highest standards of integrity and governance**.**

**Financial Stability and profitability:**

Under the clear direction of executive management, MCB successfully maximized deposits as a core pillar of our banking practice. Concurrently, lending—a major revenue stream—performed precisely as targeted. As addition, other operating income also contributed significantly to the achieved profit. Driven by these core revenue engines and backed by strict cost-control mechanisms, we concluded the fiscal year with a successful profit after tax of MMK 5,279 million for FY 2025-26.

**Net Interest Margin:** Interest income increased by 54%, driven by growth in the loan portfolio and the recovery of non-performing loans. Meanwhile, interest expense rose by 73%, primarily due to higher deposit volumes, an increase in high interest-bearing term deposits, and the offering of competitive interest rates. As stated above, an increase in interest expense at a higher rate than interest income growth and due to a decline in NPL loan recoveries compared to the previous year, Net Interest Income decreased compared to the previous financial year.

**Fees and Commission and Other Income:** Other operating income increased by 103% compared to the previous financial year, reflecting the company's successful efforts to diversify and optimize its income sources.

**Operating Expenses:** Operating expenses were increased by 26% primarily due to Earthquake recovery expense, inflation-driven rises in utility, fuel costs and other overhead cost as well as additional staffing for business expansions and salary incremental and higher loan provisions due to increased lending.

**Business Size -** The bank's total balance sheet expanded by 68% year-on-year, reflecting strong growth across its key asset and liability categories. On the asset side, loans and advances

increased by 48%, while placements with banks surged by 315% and investments in government securities grew by 218%. On the funding side, total deposits rose by 62%, supported by a 534% increase in interbank borrowings. In addition, retained earnings increased by 102%, strengthening the bank's equity position.

**Regulatory Compliance**

We recognize our responsibility as a trusted financial institution to safeguard and prudently manage public funds while supporting the country's economic development through responsible lending. Customer trust remains central to our success, and we are fully committed to complying with all laws, regulations, and directives issued by the Central Bank of Myanmar (CBM). The Bank has consistently maintained majorly above the CBM's minimum requirements, reflecting our strong liquidity, solvency, profitability, and capital position, and providing a solid foundation for sustainable future growth.

| **Statutory Ratio** | **Required** | **MCB ratio as at 31st March 2026** |
|---|---|---|
| Reserve Ratio | Minimum 3.75% (MMK)<br>Minimum 5% (FCY) | 9.29% (MMK)<br>7.13% (FCY) |
| Liquidity Ratio | Above 20% | 29.34% |
| Capital Adequacy- Tier I | Minimum 4% | 5.41% |
| Capital Adequacy- Total | Minimum 8% | 7.18% |

During the year, the Bank's Capital Adequacy Ratio (CAR) fell below the 8% regulatory minimum due to loan portfolio growth. To address this, the Bank launched Phase I of a capital injection program through a rights issue to existing shareholders, raising MMK 25 billion in additional share capital. Upon regulatory approval, the CAR is expected to recover above the minimum requirement, strengthening the Bank's capital base and supporting future growth.

**Future Outlook & Strategic Direction**

Myanmar’s banking sector is expected to evolve with increasing emphasis on digital adoption, risk management, and investment in technology and cybersecurity. These developments are likely to support expansion of customer reach beyond major urban areas, enhanced use of data analytics for improved credit decision-making, and continued growth in digital lending and SME financing.

In this evolving environment, MCB Bank continues to implement its strategic roadmap with a focus on strengthening operational resilience, improving productivity, and driving business performance through effective leadership and workforce alignment. Building on a resilient performance in the previous financial year, MCB Bank remains well positioned for sustainable growth and continues to reinforce its role as a stable and forward-looking institution within Myanmar’s banking sector.

Myanmar Citizens Bank Public Company Limited